၂၀၂၁ ခုနှစ် ရမသဩွာန်အီးဒ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း

بسم الله الرحمن الرحيم

ရက်စွဲ ။ ဟစ်ဂျရီ ၂၈ ၊ ရှောက်ဝါလ်လ၊ ၁၄၄၃ ခုနှစ်
ခရစ်နှစ် ၉ ၊ ဇွန်လ ၊ ၂၀၂၁ ခုနှစ်

၂၀၂၁ ခုနှစ် ၊ မေလ ၊ ၁၂ ရက် ၊ဗုဒ္ဓဟူးနေ့ည ၊ ဟစ်ဂျရီ ၁၄၄၂ ခုနှစ် ၊ ရှောက်ဝ်ဝါလ်လ၏ဆန်းဦးစလ(အီးဒ်)လမြင်မှုဆိုင်ရာ အစ္စလာမ်သာသနာ့ဝင်များသိရှိနိုင်ရန်သုံးသပ်ရှင်းလင်းတင်ပြခြင်း

အဆိုပါရှောက်ဝါလ်လ၏ဆန်းဦးစလ လမြင်ခဲ့ကြောင်း မြိတ်မြို့ရှိ အစ္စလာမ်သာသနာ့ ပညာရှင်များ၏စုစည်းမှု ကြီးတစ်ခုက လမြင်ခဲ့သည်ဟု ပြောဆိုသူများကို စနစ်တကျ စူးစမ်းစစ်ဆေး ရှဟာဒသ်ရယူပြီး တရားတော်နှင့်အညီ ခိုင်မာစွာဆုံးဖြတ်ကြောင်းကို မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်းရှိ အစ္စလာမ်သာသနာ့ပညာရှင်များက တိုက်ရိုက် ဆက်သွယ် စူးစမ်းစစ်ဆေးခဲ့ရာ အစ္စလာမ့်တရားရေးဥပဒေများနှင့်အညီ မှုဘောင်အတွင်းမှ ခိုင်မာစွာစိစစ် ဆုံးဖြတ်ထား ကြောင်း သိရှိရ၍ လမြင်ကြောင်းကို လက်ခံကျင့်သုံးခဲ့ကြသည်။

အဆိုပါစူးစမ်းစစ်ဆေး ရှဟာဒသ်ယူပြီး တရားတော်နှင့်အညီ လမြင်ကြောင်းဆုံးဖြတ်ထားသည်ကို မြိတ်မြို့ရှိ အာလင်မ်ပညာရှင်အများစုက လက်ခံကျင့်သုံးခဲ့ကြသည်။

ولقدحقّق هؤلاء العلماءالمذكورون آنفا من رأى هلال الفطر من الرجال والنساء الذين جاءوا إليهم لأداء الشهادة في رؤية هلال الفطر مع العلة بالسماء ، فوجدوا شهادتهم حقا في ضوء الشريعة الإسلامية ، ثم قضوا بقبول شهادتهم ، فكان ذلك القضاء قائما مقام قضاء القاضي الإسلامي لمثل بلادنا ، وذلك القضاء حجة شرعية للمسلمين من بلادنا كافة ، فيجب عليهم عامة أن يعملوا على قضائهم . لما صرّح في كتب فقهائنا الحنفية :

وأما بلاد عليها ولاة كفار ، فيجوز للمسلمين إقامة الجمع والأعياد ، ويصير القاضي قاضيا بتراضي المسلمين ، فيجب عليهم أن يلتمسوا واليا مسلما منهم ا هـ . وعزاه مسكين في شرحه إلى الأصل ونحوه في جامع الفصولين .

مطلب في حكم تولية القضاء : في بلاد تغلب عليها الكفار، وفي الفتح وإذا لم يكن سلطان ، ولا من يجوز التقلد منه ، كما هو في بعض بلاد المسلمين غلب عليهم الكفار ، كقرطبة الآن ، يجب على المسلمين أن يتفقوا على واحد منهم ، ويجعلوه واليا ، فيولي قاضيا ، ويكون هو الذي يقضي بينهم ، وكذا ينصبوا إماما يصلي بهم الجمعة ا هـ . وهذا هو الذي تطمئن النفس إليه فليعتمد. (حاشية ابن عابدين : ٥/ ٣٦٩)

وإذا لم يكن سلطان ولا من يجوز التقلد منه كما هو في بعض بلاد المسلمين غلب عليهم الكفار كقرطبة في بلاد المغرب الآن وبلنسية وبلاد الحبشة وأقروا المسلمين عندهم على مال يؤخذ منهم يجب عليهم أن يتفقوا على واحد منهم يجعلونه واليا فيولى قاضيا أو يكون هو الذي يقضي بينهم وكذا ينصبوا لهم إماما يصلي بهم الجمعة. (شرح فتح القدير : ٧/ ٢٦٤)

والعالم الثقة ببلدة لا حاكم فيها قائم مقامه ، يعني القاضي ، وهو مأخوذ من الفتح ، حيث قال : في أمثال هذه البلاد ، يجب على المسلمين أن يتفقوا على واحد منهم. ذكره الشامي في باب القضاء. (كما في حاشية شرح الوقاية للإمام عبد الحي اللكهنوي، رؤیت ہلال، حضرت مولانا مفتی محمد شفیع صاحب رحمۃ اللہ علیہ مفتی اعظم پاکستان : ص ٥٠) .

တိမ်ရှိခြင်းနှင့် တိမ်ကင်းစင်ခြင်း၏ရှရီအသ်တရားတော်လာ မမ္ဓစစ်သဘောတရား

ရှရီအသ်တရားတော်က ပြသထားသော (إذا كان بالسماء علة) (လထွက်ရပ်ဝန်း ကောင်းကင်ယံတွင် (ဆန်းဦးစလကို ဖုံးကွယ်နိုင်သော) မည်သည့်အကြောင်းခံမဆိုရှိပါက)ဟုဆို ထားပါသည်။ သို့ပါ၍ ဆန်းဦးစလကို ဖုံးကွယ်နိုင်သော အကြောင်းခံသည် တိမ် (သို့) ဖုံ (သို့) မြူ (သို့) ရေခိုး ရေငွေ့ (သို့) တောင်ခိုး တောင်ငွေ့ အလားတူစသည်တို့ အားလုံးဖြစ်နိုင်ပေသည်။

وإذا كان بالسماء علة من غيم ، أو غبار ، أو نحوه . (نور الإيضاح ، ص ٣٢٦).

والعلة : غيم ، أو غبار ، أو نحوه . (الهداية شرح البداية: ج/١ص١٢١)

ဆန်းဦးစလသည် အလွန်သေးနုတ်ပါးလွှာသည်။ ယင်းဆန်းဦးစလကို ဖုံးကွယ်နိုင်သည့် အကြောင်းအရာသည် ဆန်းဦးစလထက် အနည်းငယ်မျှသာကြီးသော သေးနုတ်သည့်တိမ်အစိတ်အပိုင်း (သို့) အခြားအကြောင်းခံတစ်ခုခု တည်ရှိနေပါက ဆန်းဦးစလကို ဖုံးကွယ်ဖို့အတွက် လုံလောက်ပေသည်။ ထိုအခြေအနေကို ရှရီအသ်တရားတော်က ဆန်းဦးစလကို ဖုံးကွယ်နိုင်သောအကြောင်းခံရှိသည်ဟုသာသတ်မှတ်ပေသည်။ ဆန်းဦးစလကို ဖုံးကွယ်နိုင်သော အကြောင်းခံမရှိ (သို့) တိမ်ကင်းစင်သည်ဟု လုံးဝမသတ်မှတ်ပေ။ ထိုအခြေအနေမျိုးကို (مطلع صاف)ဟု လုံးဝမသတ်မှတ်ပေ။ လထွက်ရပ်ဝန်း ကောင်းကင်ယံတွင် ဆန်းဦးစလကို ဖုံးကွယ်နိုင်သောအကြောင်းခံတစ်စုံတစ်ရာ အလျှင်းမရှိမှသာ ကင်းစင်သည်ဟု သတ်မှတ်ပေသည်။ ယင်းအခြေအနေကိုသာ (مطلع صاف)ဟု ခေါ်ဆိုပေသည်။ ဤသည် ရှရီအသ်တရားတော်က လမ်းညွှန်ပြသသော သဘောတရားအမှန်ပင်ဖြစ်သည်။ ဤသဘောတရားကို လူသာမန်တို့အနေနှင့် နားလည်ရန် မလွယ်ကူလှပေသည်။ သို့ပါ၍ လူသာမန်တို့ပြော ဆိုလေ့ရှိကြသောဝေါဟာရ(မိုးတိမ်ကင်းသည်) ၊ (မိုးသားကင်းသည်) ဟူသော အသုံးအနှုန်းတို့သည် လောလောဆယ် မိုးရွာတော့မည့် မိုးရေပါသော တိမ်တိုက်မရှိဟုသာ ဆိုလိုခြင်းဖြစ်သည်။ ယင်းလူသာမန်တို့ပြောဆိုလေ့ရှိကြသော ဝေါဟာရ၏သဘောတရားသည် အထက်တွင်ဖော်ပြခဲ့သော ရှရီအသ်တရားတော်က ဆန်းဦးစလကို ဖုံးကွယ်နိုင်သည့် အကြောင်းခံရှိခြင်း မရှိခြင်းကိုဆိုလိုသည့် အနုစိတ်သောသဘောတရားများဖြင့် လုံးဝမအပ်စပ်ပေ။ သို့ပါ၍ (ဆိုလိုရင်းသဘောတရား(၂)ခု၏အနက်သဘော ကွာဟနေသည့်အတွက်) လူသာမန်တို့ ပြောဆိုသုံးနှုန်းလေ့ရှိကြသောဝေါဟာရ၏သဘောတရားများဖြင့် ရှရီအသ်တရားတော်ကဆိုလိုသည့် အနုစိတ်သော သဘောတရားများအတွက် အထောက်အထားအကိုးအကားပြုပိုင်ခွင့်မရှိပေ။

ကြည့်ဟာဇ်ရည်ထာနဝီသခင်ကြီး၏မေ့သတ်ဖြေကြားချက်။

မေးခွန်း ။(၁၅၂)

လထွက်မည့်နေ့ညတွင် လထွက်ရပ်ဝန်းမှာ တိမ်၏အစိတ်အပိုင်းများ ခပ်ပါးပါးရှိခဲ့ပြီး ထို့ပြင် ကျန်မိုးကောင်းကင်အားလုံး ကင်းစင်နေပါက လကြည့်ရာတွင် တိမ်ရှိသည့်အမိန့်ဟု သတ်မှတ်ပါမည်လား။ (သို့) တိမ်မရှိသည့်အမိန့်ဟု သတ်မှတ်ပါမည်လား။

အဖြေ ။

တိမ်ရှိသည့်အမိန့်ဟုသာ သတ်မှတ်ပါသည်။ (အင်မ်ဒါဒွလ်ဖသာဝါကျမ်း၊ တွဲ ၂၊ စာ ၁၀၂)

حکم ابر کہ بر مطلع بود نہ بر باقی آسمان

سوال۔(۱۵۲) چاندرات کے روز چاند کی جگہ ہلکے ہلکے ابر کے ٹکڑے ہوں اور باقی تمام آسمان صاف ہو تو رؤیت میں ابر کا حکم ہوگا یا غیر ابر کا۔؟

الجواب۔ ابر کا ۔۲، شعبان، ۱۳۳۱ھ(تتمہ ثانیہ صفحہ ۲۰) امداد الفتاوی، ج ۲، ص ۱۰۲

၂၀၂၁ ၊ မေလ ၊ ၁၂ ရက်နေ့ည ၊ ဟစ်ဂျ်ရီ ၁၄၄၂ ခုနှစ် ရှောက်ဝါလ်လ၏ဆန်းဦးစလထွက်သည့်ရပ်ဝန်း ကောင်းကင်ယံတွင် လကိုဖုံးကွယ်နိုင်သည့်အကြောင်းခံ တိမ်ရှိနေကြောင်း မြိတ်မြို့ အိုလမာအဖွဲ့ခွဲ၏ကမ်းနားလမ်း လကြည့်အဖွဲ့ခေါင်းဆောင် မွဖ်သီဟာသင်မ်ဆွာဟစ်ဗ်က ကိုယ်တိုင်တွေ့ရှိခဲ့သည်ကို ဝန်ခံထားပါသည်။ ထို့အတူ ၎င်းက လကြည့်နေစဉ် လထွက်ရပ်ဝန်းကို ဖုန်းဖြင့်ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားပါသည်။ ထိုမှတ်တမ်းကို အထောက်အထားသက်သေအဖြစ် တင်ပြသွားပါမည်။ ထို့အတူ မောင်လာနာအဗ်ဒုစ္စသ္သားရ်ဆွာဟစ်ဗ်ကလည်း တိမ်ရှိကြောင်း ဝန်ခံထားပါသည်။

အလားတူ လမြင်ကြောင်း သက်သေထွက်ဆိုရန် လာရောက်ကြသူများကလည်း တိမ်ရှိကြောင်း ဝန်ခံထားကြပါသည်။

မောင်လာနာ မွဖ်သီဟာသင်မ်ဆွာဟစ်ဗ်၏တင်ပြချက်မှ ကောက်နုတ်ချက်

(မောင်လာနာ မွဖ်သီဟာသင်မ်ဆွာဟစ်ဗ်သည် မြိတ်မြို့အိုလမာအဖွဲ့မှ စေလွှတ်သော လကြည့်အဖွဲ့များအနက် ကမ်းနားအဖွဲ့၏ခေါင်းဆောင်လည်းဖြစ်ပါသည်။)

ကျွန်တော်တို့သည် လကြည့်သွားသောအခါ ညနေ(၆ နာရီ၊ ၂၉ မိနစ်) မှ (၆ နာရီ၊ ၃၄ မိ နစ်)အထိ အနောက်ဘက် ကောင်းကင်ယံတွင် လ ထွက်လေ့ထွက်ထရှိသောနေရာကို ဓာတ်ပုံ မှတ်တမ်းရိုက်ယူခဲ့သည်။ ပြီးနောက် ကျွန်တော်တို့အဖွဲ့သည် လမမြင်ဟုဆိုကာ အိုလမာရုံးသို့ ပြန်လာခဲ့သည်။ ထိုသို့ပြန်လာနေစဉ် ပါရမီရပ်ကွက်မှ လမြင်ကြောင်း ဖုန်းဝင်လာခဲ့သည်။ ခန့်မှန်းအချိန်မှာ (၆ နာရီ ၊ ၅၀ မိနစ်)ဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် အိုလမာရုံးသို့ ရောက်ရောက်ချင်း ရုံး၌တာဝန်ခံဆရာဖြစ်သော မွဖ်သီအစ်လ်ယားစ်အား ဤသို့ပြောပြခဲ့သည်။ "ကျွန်

တော်ကတော့ လမမြင်ဘူး။ ကျွန်တော်တို့အဖွဲ့လည်း လမမြင်ဘူး။ ဒါပေမယ့် ပါရမီရပ်ကွက်က လမြင်တယ်လို့ကြားတယ်။"

ထိုအခါ မွဖ်သီအစ်လ်ယားစ်က ခေါင်းခါပြသည်။ (လက်မခံသည့်သဘောဖြစ်သည်။) ယခုအချိန်ထိ ပါရမီရပ်ကွက်မှ မည်သည့်ပုဂ္ဂိုလ်မျှ အို့လမာရုံးသို့ လာရောက်ခြင်းမရှိသေးပါ။ ၎င်းမွဖ်သီအစ်လ်ယားစ်သည် တိမ်ရှိခြင်း/ မရှိခြင်းနှင့် ပတ်သက်၍ ကျွန်တော့အား တစ်စုံတစ်ရာ မေးမြန်းခြင်းမရှိခဲ့ပါ။ တိမ်ရှိလား ၊ တိမ်ကင်းစင်လား ၊ မကင်းစင်ဘူးလား စသဖြင့် မည်သည့် မေးခွန်းမျှ မမေးခဲ့ပါ။ ထိုနည်းတူစွာ ၎င်းဘေးတွင် ထိုင်နေသော မွဖ်သီမူစာကလည်း မမေးခဲ့ပါ။ အခြားမွဖ်သီဆွာဟစ်ဗ်တစ်ပါးဖြစ်သော မြိတ်မြို့မှ မွဖ်သီအို့စာမဟ်ကတော့ တိမ်ကင်းစင် ကြောင်းပြောသည်။ (သို့သော် အထူးလေ့လာစိစစ်ပြီးသည့်နောက် တိမ်ကင်းစင်သည်ဟူသော စကားကိုထပ်မသုံးတော့ပါ။) ပြီးနောက် ပါရမီမှ လမြင်သောအဖွဲ့သည် အို့လမာရုံးသို့ ရောက် ရှိလာသည်။ ကျွန်တော်သည် မိမိလက်ရှိထိုင်နေသောနေရာကို ဖယ်ပေးပြီး ၎င်းလမြင်ကြောင်း သက်သေထွက်ဆိုရန် ရောက်ရှိလာသူကို ထိုင်စေခဲ့သည်။ ပထမဆုံးမေးခွန်းမှာ "ခင်ဗျား လကို ဘယ်နှမိနစ်လောက်မြင်တာလဲ။" ထိုပုဂ္ဂိုလ်က ကျွန်တောတို့ဆီမှာ လမြင်တာနဲ့ ရိုက်ခွင့်ရခဲ့တဲ့ ဓာတ်ပုံပါလာပါတယ်လို့ ပြောပြီး ဓာတ်ပုံကိုပြလိုက်ပါတယ်။ မွဖ်သီအစ်လ်ယားစ်က ဓာတ်ပုံကို ကြည့်ပါတယ်။ ဒါပေမယ့် အို့လမာရုံးပေါ်မှာရှိသော မည်သည့်တာဝန်ခံကမျှ တိမ်၏အနေအထားနှင့်ပတ်သက်ပြီး မတ်စ်အလဟ်ကို လုံးဝမမေးခဲ့ပါ။ ကျွန်တော့်ကိုလည်း မမေးခဲ့ဘူး။ ကျွန်တော်သည် အို့လမာရုံးပေါ်တွင် အစအဆုံးနီးပါး ရှိခဲ့ပါသည်။ သတင်းပို့သည့်အချိန်မှစ၍ ဆုံးဖြတ်ချက်ချသည်အထိ ကျွန်တော်ရှိနေပါသည်။ ဤအချိန်အတွင်းမှာ တိမ်နှင့်ပတ်သက်ပြီးတော့ မတ်စ်အလဟ် မည်သူ့ကိုမျှ မမေးခဲ့သလို တစ်ခါတည်း လမမြင်ကြောင်း အဖြေတန်းပေးခဲ့သည်။ "တိမ်ကင်းစင်နေတဲ့အချိန်မှာ ဘိုင်တို့ လူအင်အားဒီလောက်နဲ့ အဆင်မပြေဘူး"

ထို့အပြင် တစ်ဖက်မှ မိသားစု(၄)စု လူအယောက် (၂၀) စသောအချက်များကို အဆိုပါအို့လမာရုံးပေါ်၌သာ တင်ပြခဲ့ပါသည်။ ယခုသက်သေထွက်ဆိုရန် ရောက်ရှိလာသော ပုဂ္ဂိုလ်များ၏"အဒါလသ်" (သမာသမတ်ရှိမှု)နှင့် ပတ်သက်၍လည်း အတူပါလာသောရပ်ကွက်နေ မည်သည့်အာလင်မ်ပညာရှင်ကိုမျှ မေးမြန်းခြင်းမရှိခဲ့သလို တိမ်နှင့်ပတ်သက်သော မည်သည့်မေးခွန်းကိုမျှ ကျွန်တော်အပါအဝင် ဘယ်သူ့ကိုမျှ မမေးခဲ့ပါဘူး။ တစ်ခါတည်း (လ အတည်မပြုကြောင်း) အဖြေကိုတန်းပေးခဲ့ပါ သည်။ ထို့ကြောင့် ကျွန်တော်စဉ်းစားရင်း မေးစရာ မေးခွန်းတစ်ခုပေါ်လာသည်။ တိမ်နှင့်ပတ် သက်သည့် မတ်စ်အလဟ်ကို ကိုယ်တိုင်မေးမြန်းခြင်းမရှိဘဲ မည်သူကပြောလို့ ဆုံးဖြတ်လိုက်ရသနည်း။ ရုံးပေါ်မှာ ဒီကိစ္စကို လုံးဝမပြောခဲ့သဖြင့် ဤသို့ အံ့အားသင့်ခဲ့ပါသည်။ အကယ်၍ တိမ်နှင့်ပတ်သက်ပြီး ပြောခဲ့သည်ရှိသော် ကျွန်တော့ထံတွင် လထွက်ရာနေရာကို လထွက်နိုင်သောအချိန်၌ ရိုက်ယူထားသည့် ဓာတ်ပုံများရှိပါသည်။ မည်သူကသတင်းပို့ခဲ့သောကြောင့် ဤသို့ဆုံးဖြတ်ကြောင်းကို ကျွန်တော်လည်း နားမလည်နိုင်ပါ။ ကျွန်တော်တို့ ကမ်းနားလမ်း လကြည့်အဖွဲ့အပြင် အခြားနေရာတွင် လကြည့်ရန်တာဝန်ပေးအပ်ခြင်းခံရသောအဖွဲ့လည်းရှိသေးသည်။ ထိုအဖွဲ့၏ခေါင်းဆောင်မှာ မောင်လာနာအန်ရှ်ရဖ်အလီ ဖြစ်ပါသည်။ ထိုမောင်လာနာဆွာဟစ်ဗ်ကိုလည်း တိမ်ကိစ္စနှင့်ပတ်သက်ပြီး အို့လမာအဖွဲ့ရုံးက မေးမြန်းထားတာမရှိကြောင်း စုံစမ်းသိရှိရပါသည်။

ဖြစ်နိုင်ချေရှိသည်မှာ ကမ်းနားလမ်းတစ်နေရာရာက တစ်ဦးတစ်ယောက်ကို မေး၍သော်လည်းကောင်း ၊ ပြင်ပမှ လူတစ်ဦးဦးက ၎င်းတို့ထံ ဖုန်းဖြင့် ဤမတ်စ်အလဟ်ကို ပြောပြ၍သော်လည်းကောင်း ထိုသူတို့ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကောင်းဖြစ်မည်။ ကျွန်တော်သည် လကြည့်အဖွဲ့ တစ်ဖွဲ့၏အဖွဲ့ခေါင်းဆောင်အနေဖြင့် တိမ်ကိစ္စကို အမေးမခံခဲ့ရသည်မှာ သေချာပါသည်။ ရှရီအသ်၏အထောက်အထားများ ကျွန်တော့်ထံတွင်ရှိပါသည်။

ကျွန်တော်တို့ အို့လမာရုံးခန်း၌ရှိနေစဉ် ၎င်းတို့ထံသို့ ပြင်ပမှ ဖုန်းတစ်ကောလ်ဝင်လာသည်။ ထိုမွဖ်သီဆွာဟာစ်ဗ်နှစ်ပါးအနက် တစ်ပါးက ဖုန်းကိုင်လိုက်သည်။ ဖုန်းပြောရင်း "သာမန်လူတွေပါ" ဟုဖြေကြားလိုက်သည်။ ကျွန်တော်သဘောပေါက်သွားသည်။ လမြင်သူများမှာ သာမန်လူများသာဖြစ်ပြီး အာလင်မ်ပညာရှင်မပါ။ ကျွန်တော် ဤသို့ သုံးသပ်မိသည်။ ခေတ္တခဏအကြာ နောက်ဖုန်းတစ်ကောလ်ဝင်လာခဲ့သည်။ ရန်ကုန်အို့လမာအဖွဲ့ချုပ်ရုံးမှဟု ယူဆရသည်။ (၇ နာရီ ၊၁ဝ မိနစ်)ခန့် ရန်ကုန်က လမမြင်ကြောင်း ဖိုင်ဆွလဟ်ပြုလိုက်ပြီးဖြစ်ကြောင်း ပြောသည်။ များမကြာမီချက်ချင်းပင် မြိတ်မြို့မှာလမမြင်ဘူးဟုဆိုပြီး မီးခလုတ်ကိုနှိပ်ခိုင်းလိုက်သည်။ ဒါကတော့ အို့လမာရုံးပေါ်မှဖြစ်စဉ်ဖြစ်ပါသည်။ အချုပ်ပြောရလျှင် ၎င်းတို့သည် မိုးသား/ တိမ်ကင်းစင်သည်ဟူသော အကြောင်းပြချက်ကို ဆုပ်ကိုင်ထားလျက်ရှိသည်။ အံ့သြစရာကောင်းသည်မှာ တိမ်အကြောင်း ကျွန်တော့်ကို လုံးဝမမေးခဲ့ပါ။ နောက်ပြီး မွဖ်သီ အစ်လ်ယားစ်နှင့် မွဖ်သီမူစာတို့သည် ကျွန်တော်နှင့်မည်သည့်ပုဂ္ဂိုလ်ရေးမသင့်မြတ်မှုမျှ မရှိခဲ့ပါ။ ကျွန်တော်တို့သည် مدرسة خادم الإسلام ကျောင်းတွင် အတူတကွ စာပြခဲ့ကြပါသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားစွာ သာသနာ့အကျိုးကို သယ်ပိုးခဲ့ကြသည်။ မည်သည့်ရန်ငြိုးမျှလည်းမရှိခဲ့။ သို့သော် ကျွန်တော့်အကျင့်ဓလေ့အရ အမှန်တရားနှင့်ပတ်သက်လာလျှင် အားမနာတမ်းပြောလေ့ရှိသည်။ ထိုအခါ ကျွန်တော်က ဤသို့ပြောလိုက်သည်။ အို့လမာရုံးမှ ဤကဲ့သို့ ဆုံးဖြတ်ချက်ချလိုက်သောကြောင့် ကျွန်တော်ကတော့ မနက်ဖန် ရို့ဇဟ်စောင့်ထိန်းရန် အဆင်မပြေပါ။ ဤသို့ပြောဆိုပြီး ကျွန်တော် ပြန်လာလိုက်သည်။

ကျွန်တော်သည် မိမိရှေ့ဆောင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသောဇလီသို့လာရောက်ကာ ဂေါပကနှင့် ညှိနှိုင်း၍ ဝတ်ပြုလျက်ရှိသော သရာဝီးဟ်နမားဇ်ကို ရပ်နားခိုင်းလိုက်သည်။ ကျွန်တော့်ဖက်က ဆောင်ရွက်ချက်မှာ ဤမျှသာဖြစ်ပါသည်။

နောက်တစ်ခုမှာ ကျွန်တော်ကိုယ်တိုင် လကြည့်သောအချိန်တွင် အနောက်ဘက် မိုးကောင်းကင်၌ တိမ်များသည် သူ့ဟာနှင့်သူ အနေအထားတစ်ခုရှိနေပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဓာတ်ပုံနှင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထိုဓာတ်ပုံတွင် တိမ်ပါကြောင်း တွေ့နိုင်သည်။ တိမ်အဖြူ မြူအဆင့်ထက်ပိုသည်။ အထူးသဖြင့် (၆ နာရီ ၃၃ မိနစ်)လောက်တွင် အနီရောင်သမ်းသွားသည်။ (၆ နာရီ ၃၀ မိနစ်)လောက်မှာ မြင်ခဲ့ရသောတိမ်သည် ပျောက်ကွယ်သွားသလိုရှိသည်။ တစ်ဖက်က တိမ်ကင်းစင်တယ်လို့ပြောတဲ့စကားက မြင်ကွင်းတစ်ခုအနေနဲ့ ဖြစ်ကောင်းဖြစ်လိမ့်မယ်။

မည်သို့ပင်ဆိုစေကာမူ အို့လမာရုံးမှ တာဝန်ရှိသူတို့သည် လမြင်သည့် ပုဂ္ဂိုလ်များကို မေးမြန်းစုံစမ်းရန် တာဝန်ရှိသည့်အတိုင်း(تحقیق) စူးစမ်းသုံးသပ်ခဲ့မည်ဆိုလျှင် အားလုံးကိုမေးရမည်။ တာဝန်ခံအာလင်မ် ပညာရှင်များကိုလည်း မေးရမည်။ သို့သော် မမေးခဲ့ပါ။

နောက်တစ်ခုက မိုးသားကင်းသည်ဟူသောစကားကို မြိတ်မြို့သားများက မိုးရွာဖို့ တိမ် မရှိလျှင် တိမ်ကင်းတယ်ဟု ပြောကြသည်။ ထို့ကြောင့် သေသေချာချာ မေးမြန်းသင့်သည်။ ၎င်းတို့ထံတွင် တိမ်ဆိုသည်မှာ မိုးတိမ်/တိမ်ထုကိုပဲ ပြောကြသည်။ **ကျွန်တော့်အမြင်မှာ ဒီနေရာတွင် အားနည်းချက်ကတော့ အို့လမာရုံးပေါ်၌ ရုဟာဒသ်ကိစ္စကို သေချာမလုပ်ဘဲ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။**

အခြားတစ်ဖက်မှ ၎င်းတို့ထံ လမမြင်ကြောင်းသတင်း ရောက်နှင့်ပြီးသားဖြစ်သကဲ့သို့ ထိုသို့ဆုံးဖြတ်ထားပြီးသည်လည်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ကျွန်တော်က အတိုက်အခံလုပ်တာတော့မဟုတ်ဘူး။ အမှန်တရားဘက်ကပြောကိုပြောရလိမ့်မည်။

သုံးသပ်ချက်

အို့လမာရုံးပေါ်မှာ တာဝန်ယူထိုင်နေကြသော ပုဂ္ဂိုလ်များသည် မိမိတို့အဖွဲ့မှ လကြည့်ရန် စေလွှတ်ထားသော အဖွဲ့(၃)ဖွဲ့၏ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များကို စုံညီစွာခေါ်ယူပြီး....

(၁) လမြင်ကြောင်း (သို့) မမြင်ကြောင်းမေးရမည်။

(၂) လထွက်ရပ်ဝန်းကောင်းကင်ယံတွင် ဆန်းဦးစလကို ဖုံးကွယ်နိုင်သည့် တိမ်သော်လည်းကောင်း ၊ အခြားအကြောင်းခံတစ်ခုခုသော်လည်းကောင်း ရှိ/မရှိ စနစ်တကျ မေးမြန်းရမည်ဖြစ်သည်။ ထိုသို့မေးမြန်းပါက နားမလည်သူတို့၏မှားယွင်းထွက်ဆိုသည့် တိမ်ကင်းစင်သည်ဟူသော စကားမျိုးသည် နားလည်သူတို့၏ရှင်းလင်းပြသမှုဖြင့် (သို့) ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလိုက်ပါက အမှန်အမှား ကွဲပြားသွားနိုင်ပေသည်။

(၃) သို့သော် အို့လမာရုံးတာဝန်ခံများဆိုသူတို့က မိမိအဖွဲ့၏တာဝန်အရ ဆောင်ရွက်နေကြသော လကြည့်အဖွဲ့(၃)ဖွဲ့၏ခေါင်းဆောင်များဖြစ်သော......

အဖွဲ့ ၁-(သဲကွင်း)ခေါင်းဆောင် မွဖ်သီအွတ်စ်မားန်ဂါနီနှင့် အဖွဲ့ဝင်(၅)ဦး ၊

အဖွဲ့ ၂_ (ကမ်းနားလမ်း)ခေါင်းဆောင် မွဖ်သီဟာသင်မ် နှင့် အဖွဲ့ဝင် (၅)ဦး ၊

အဖွဲ့ ၃- (မကန်တောင်)ခေါင်းဆောင် မော်လဝီ အရှ်ရဖ်အလီနှင့် အဖွဲ့ဝင် (၃) ဦးတို့အားလုံးကို စုံညီစွာခေါ်ယူ ပြီး **ဤသို့စနစ်တကျ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ (တိမ်ကင်းစင်သည်)ဟု ကောက်ချက်ချပြီး (လမမြင်)ပါဟု ဆုံးဖြတ်ခြင်းသည်** သူတို့က အကွယ်ကိုသိလို့ ပြောတာလား။ အကွယ်ကိုသိလို့ ဆုံးဖြတ်တာလား။ ၎င်းတို့၏လုပ်ရပ်နှင့်ရွေးချယ်ရပ်တည်ချက် မှားနေသည်ကို အသိဉာဏ်ရှင်တိုင်း စဉ်းစားဆင်ခြင်ပါက လယ်ပြင်မှာ ဆင်သွားဘိအလား ထင်ရှားနေပါသည်။

(၁) တိမ်ကင်းစင်သည်ဟု ကောက်ချက်ချခြင်းမှားယွင်းမှုသည် ပထမဦးဆုံး မွဖ်သီဟာသင်မ်ဆွာဟစ်ဗ်၏အဖွဲ့က ကိုယ်တိုင်ကြည့်ရှုခဲ့သည့်မြင်ကွင်းကို ဓာတ်ပုံရိုက်ကူးထားသောမှတ်တမ်း အထောက်အထားအရဖြစ်ပါသည်။

(၂) လမြင်သူတို့၏ထွက်ဆိုချက်များအရ တိမ်ကင်းစင်သည်ဟူသော ကောက်ချက်ချခြင်းသည် မှားယွင်းနေပါသည်။ အကြောင်းမှာ ရုံးတွင်ထိုင်နေသူများထက် လထွက်သည့်ရပ်ဝန်းကောင်းကင်ယံကို လက်တွေ့ကြည့်ခဲ့သူများကသာပို၍ သိမြင်သည့်အတွက်ကြောင့်ပင်ဖြစ်သည်။

(၃) မိမိတို့အဖွဲ့၏လုပ်ဖော်ကိုင်ဖက်များကိုပင် တန်ဖိုးထားအလေးပေးမှုမရှိဘဲ ဤသို့ စနစ်မကျသည့် စည်းမဲ့ကမ်းမဲ့ လက်လွတ်စပယ်လုပ်ကိုင်ဆောင်ရွက်သည်ဆိုလျှင် အဖွဲ့အပြင်မှလာရောက်ပြီး လမြင်ကြောင်း တင်ပြလာသော ကာယကံရှင်တို့နှင့် အာလာင်မ်ပညာရှင်များကို မည်သို့ဆက်ဆံတုံ့ပြန်မည်ဆိုသည်မှာ ထင်ရှားနေပေသည်။

မောင်လာနာ အဗ်ဒုစ္စသ္သားရ်ဆွာဟစ်ဗ်၏တင်ပြချက်မှ ကောက်နုတ်ချက်

(ပါရမီရပ်ကွက်တွင် နေထိုင်သူ ၊ ရပ်ကွက်တာဝန်ခံ)

ကျွန်တော်သည် ပါရမီရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး အခြားရပ်ကွက်၌ လကြည့်ရန်တာဝန်ကျတော့ လကြည့်ခဲ့တာဖြစ်တယ်။ မောင်လာနာ နဂ်ျမွတ်ဒ္ဒီးန်က လမြင်တယ်ဆိုပြီးတော့ ကျွန်တော့်ကို သတင်းပို့လာပါတယ်။ **ကျွန်တော်လကြည့်တဲ့နေရာမှာ ဘာတွေ့ရလဲဆိုတော့ လထွက်တဲ့နေရာမှာက တိမ်ပါးပါးလေးကို တွေ့ရတယ်။** ကျွန်တော်နဲ့အတူ အဲ့မာမ်ဆွာဟစ်ဗ်တွေလည်း ကြည့်ကြပါတယ်။ နောက်တစ်ခုကတော့ ရပ်ကွက်တစ်နေရာမှ ဖုန်းဆက်လာတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့မရ်ှဝရဟ်လုပ်ခဲ့ကြတယ်။ မရ်ှဝရဟ်မလုပ်ခင်မှာ ဝကီးလ်ဘိုင်နဲ့ တွေ့ခဲ့ရတယ်။ (ဝကီးလ်ဘိုင်ဆိုသူသည် လမြင်သောမိသားစု(၄)စုအနက် တစ်ဦးအပါအဝင်ဖြစ်သည်။) ကျွန်တော်က သူ့ကိုခေါ်ပြီး မေးတယ်။ ခင်ဗျားကိုယ်တိုင် မြင်တာလား။ အဲ့တော့ သူကဖြေတယ်– ကျွန်တော်ကိုယ်တိုင် သေချာစွာမြင်ခဲ့တာပါ။ သူနဲ့ ကျွန်တော် ခင်လည်း ခင်တယ်။ သူ့ကို ကျွန်တော်ကမေးတယ်။ ခင်ဗျားကိုယ်တိုင်မမြင်ဘဲနဲ့ မြင်တယ်လို့ ပြောရင် မြန်မာတစ်နိုင်ငံလုံးက မွတ်စ်လင်မ်တွေရဲ့ အပြစ်ကို ခင်ဗျားခံရမယ်ဆိုပြီး သူ့ကိုသေချာလားလို့ ကျွန်တော်က ထပ်မေးတယ်။ သူအနေနဲ့ ပြန်ဖြေတယ်– ကျွန်တော်ကိုယ်တိုင် မြင်တာပါ။ ကျွန်တော်တို့ ဒီကနေ မောင်လာနာ အန်ရ်ှရဖ်ဆိုသူလည်းပါလာတယ်။ သူကလည်း လကြည့်အဖွဲ့ ထဲမှာပါတယ်။ ကျွန်တော်တို့မရ်ှဝရဟ်က ခင်ဗျားအနေနဲ့ အို့လမာရုံးကို သတင်းပို့ဖို့ တာဝန်ရှိသွားပြီ။ ဝကီးလ်ဘိုင်လည်း ခင်ဗျားရှေ့မှာ ပြောနေပြီ။ ကျွန်တော်တို့ ဒီကနေ ဖုန်းအရင် ဆက်လိုက်တယ်။ ဖုန်းဆက်လိုက်တော့ အို့လမာရုံးက သူ့ကိုပြောတယ်။ ကျွန်တော်တို့ လိုအပ်မှခေါ်မယ်။ ပြီးတော့ မေးသေးတယ်။ မင်းတို့မြင်တဲ့အထဲမှာ အာလင်မ်ပါလား။ ကျွန်တော်က မပါဘူးလို့ ပြန်ဖြေလိုက်တယ်။ ကျွန်တော်တို့ စောင့်နေလိုက်တယ်။ (၆ နာရီ ၊ ၅၈ မိနစ်)လောက်မှာ အို့လမာရုံးက ရုံးကို လာခိုင်းတယ်။

အို့လမာရုံးရောက်တော့ မွဖ်သီဟာသင်မ်ဆွာဟစ်ဗ်က သူတို့ကို ရှင်းပြနေတယ်။ ဒီလကို လမြင်ကြောင်း ရှရီအသ်အရ အထောက်အထားခိုင်လုံတဲ့အတွက်ကြောင့် လက်ခံရမည်ဟုပြောနေပါသည်။ ဒီနေရာမှာ သူတို့က လုံးဝလက်မခံဘူး။ အို့လမာရုံးပေါ်မှာ ကျွန်တော်နှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသောမိတ်ဆွေတစ်ယောက်ရှိနေတယ်။ သူသည် မြို့နယ် အို့လမာအဖွဲ့၏ပညာရေးမှာပါတယ်။ ကျွန်တော်က သူ့ကို "ဒီမှာ လမြင်ကြောင်း သက်သေခံသူသည် စိတ်ချရသူဖြစ်ကြောင်း ပြောလိုက်သည်။ ထိုအခါ သူက ခင်ဗျားမွဖ်သီမူစာဆွာဟစ်ဗ်ကို ပြောပါဟု ပြန်ပြောသည်။ ကျွန်တော် မွဖ်သီ

မူစာဆွာဟစ်ဗ်အနားကိုသွားတယ်။ ရောက်သွားသောအခါ ရန်ကုန်အို့လမာရုံးချုပ်မှ ဖုန်းဝင်လာနေသည်။ မြန်မာပြည်တစ်ပြည်လုံးက ဘယ်နေရာမှာမှ လမမြင်ပါဟု ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ကျွန်တော် သိလိုက်ရသည်။" လမြင်သူများအားလုံးထဲမှ အမျိုးသမီးတစ်ယောက်မှအပ မည်သူ့ကိုမှ မမေးဘဲ ဆုံးဖြတ်ခြင်းဖြစ်သည်။ ထိုအမျိုးသမီးအား လကိုအချိန်ဘယ်လောက်ကြာ မြင်ရသလဲဟု တစ်ခွန်းမေးလိုက်သည်။ ထိုအမျိုးသမီးက (၅)မိနစ်လောက်ကြာသည်ဟု ဖြေလိုက်သည်။

အို့လမာရုံးပေါ်မှ ငြင်းဆိုသူ၏အမြင်

ကျွန်တော့အမြင်မှာ လသည် အရွယ်အစားအတိုင်းအတာတစ်ခု ရှိကိုရှိရမည်ဟု မှတ်ယူ ထားသည်။ စက္ကန့်ပိုင်းလောက်ပဲမြင်ရမည်။ ဒါ့ကြောင့် အခုမြင်သည်ဆိုသောလသည် ဆန်းဦးစ လ လုံးဝမဖြစ်နိုင်ဟု အပြီးသတ်ငြင်းနေသည်ကို တွေ့ရသည်။

မွဖ်သီဟာသင်မ်ဆွာဟစ်ဗ်သည် ကမ်းနားလမ်း လကြည့်အဖွဲ့ခေါင်းဆောင်ဖြစ်ကြောင်း ကျွန်တော်နောက်ပိုင်းမှ သိလိုက်ရသည်။ ၎င်းသည် အို့လမာရုံးသို့ အချိန်မီသွားခဲ့သည်။ ပါရမီရပ်ကွက်က ပုဂ္ဂိုလ်တွေရောက်လာပြီး ပြောပြတော့ အို့လမာရုံးတာဝန်ခံက ဦးခေါင်းကိုခါပြသည်။ လက်မခံဟု ဆိုလိုခြင်းဖြစ်သည်။ ဤသည်မှာ စုံစမ်းမေးမြန်းခြင်းမရှိဘဲနဲ့ ယခုကဲ့သို့ ပြုလုပ်ခြင်းဖြစ်သည်။

ဤကိစ္စသည် အို့လမာရုံးသို့ အရင်ရောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လကိစ္စကို အို့လမာရုံးက တာဝန်ယူဆောင်ရွက်နေခြင်းကြောင့်ဖြစ်သည်။ အို့လမာရုံးသို့ ကျွန်တော်ကိုယ်တိုင်ပဲ သွားခိုင်းခဲ့သည်။

လကြည့်အဖွဲ့စုစုပေါင်း (၅)ဖွဲ့စေလွှတ်ထားသည်ဟု တနင်္သာရီတိုင်းအို့လမာအဖွဲ့၏ကြေညာချက်တွင် ဖော်ပြထားသည်။ အမုန်မှာ (၃)ဖွဲ့သာဖြစ်သည်။ ကမ်းနားလမ်းမှာ (၂)ဖွဲ့ဖြစ်ပြီး တောင်ပေါ်မှာ (၁) ဖွဲ့ဖြစ်သည်။ ဤအဖွဲ့များဘက်မှ လမမြင်ကြောင်း သတင်းရောက်ရှိပြီးသည်နှင့် မြိတ်မြို့တွင် လမမြင်ပါဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

နောက်ဆုံးတွင် ရှင်းပြလိုသည်မှာ ထိုနေ့နေဝင်ချိန်၌ အနောက်ဘက်ကောင်းကင်ယံတွင် တိမ်ရှိနေသည်မှာ သေချာပါသည်။ ယခင်က ကျွန်တော်ကိုယ်တိုင်ပင် တိမ်နှင့်ပတ်သက်၍ ကောင်းစွာမသိခဲ့ပါ။ ယခုကဲ့သို့ မိမိကိုယ်တိုင် ကြုံတွေ့လာရသောအခါ ကျွန်တော်တို့မြို့ရှိ မွဖ်သီဆွာဟစ်ဗ်အချို့ကို မေးမြန်းပြီးနောက် **လတွေ့မြင်စဉ် ရိုက်ကူးထားသောဓာတ်ပုံကို ပြန်လည် ကြည့်ရှုရာ အမှန်တကယ် တိမ်ရှိနေကြောင်း လုံးဝ သံသယမရှိ သိလိုက်ရသည်။**

မောင်လာနာ နဂ်ျမွဒ္ဒီးန်ဆွာဟစ်ဗ် ပါရမီရပ်ကွက်တွင် နေထိုင်သူ အို့လမာအဖွဲ့ဝင် ၊ မောင်လာနာ အရှ်ရဖ်အလီဆွာဟစ်ဗ် အို့လမာအဖွဲ့မှ စေလွှတ်သော လကြည့်အဖွဲ့များအနက် တောင်ပေါ်အဖွဲ့ခေါင်းဆောင်တို့၏ တင်ပြချက်မှကောက်နုတ်ချက်

ကျွန်တော်မော်လဝီအရ်ှရဖ်အလီ ၊ မော်လဝီအဗ်ဒုစ္စသွားရ်ဆွာဟစ်ဗ်နှင့် မော်လဝီနဂ်ျမွဒ္ဒီးန်ဆွာဟစ်ဗ် သုံးပါးလုံးသည် လမြင်သည်ဟုပြောသောမိတ်ဆွေများကို ခေါ်ယူမေးခဲ့ကြပါသည်။ ၎င်းတို့က လမြင်သူဦးရေ အယောက် (၂၀)ရှိကြောင်းနှင့် ဓာတ်ပုံလည်းရှိကြောင်း ဖြေကြားကြပါသည်။ ကျွန်တော်တို့ ဓာတ်ပုံကို ကြည့်ပြီးနောက် အို့လမာရုံးရှိ မွဖ်သီ

အစ်လ်ယားစ်ထံ ဖုန်းဆက်ခဲ့ပါသည်။ ၎င်းက လမြင်သူဦးရေ မည်မျှရှိကြောင်း မေးခဲ့ရာ ကျွန်တော်က အယောက် (၂၀)ရှိပါသည်ဟု ဖြေခဲ့သည်။ ဒီလူတွေကို အို့လမာရုံးသို့ ခေါ်လာရမလားဟုမေးရာ ၎င်းက ယခု ခဏလေးနေလိုက်ပါဦး။ လိုအပ်ရင် ကျွန်တော်ဖုန်းဆက်ပြီးခေါ်ပါမယ်ဟု ဖြေကြားပါသည်။ အို့လမာရုံးခန်းတွင် တာဝန်ကျသူမွဖ်သီမူစာဆိုသူက လမြင်သူများတွင် အာလင်မ်သာသနာ့ ပညာရှင်ပါလာဟုမေးပါသည်။ မပါဟု ကျွန်တော်မော်လဝီအဗ္ဗ်ရဖ်အလီက ဖြေခဲ့သည်။ လမြင်သူများသည် သမာသမတ်ရှိသူများ အမှန်စင်စစ် နမာဇီများ၊ ရိုဇာစောင့်ထိန်းကြသူများ၊ ဘာသာရေးကိုင်းရှိုင်းသူများဖြစ်ကြောင်း ရဲဝံ့စွာထောက်ခံပေးနိုင်ပါသည်။

လမြင်သူများကို ကျွန်တော်တို့ အို့လမာရုံးသို့ ခေါ်ဆောင်သွားပြီးနောက် ရှရီအသ်တရားတော်နှင့်အညီ စနစ်တကျ စစ်ဆေးမေးမြန်း ရှဟာဒသ်ယူခြင်းမပြုဘဲ ရန်ကုန်အို့လမာရုံးချုပ်က ဆုံးဖြတ်ချက် ဖုန်းဝင်လာတာနဲ့ မြိတ်မှာ လမမြင်ဘူးဆိုပြီး တိုက်ရိုက်ပြောလိုက်တယ်။ အာလင်မ်(၃)ပါးကိုလည်း ဘာမျှမမေးခဲ့ပါ။ ဒါနဲ့ ကျွန်တော်တို့လည်း စိတ်ဓာတ်ကျပြီး ပြန်လာခဲ့ကြပါသည်။

ရန်ကုန်မြို့ရှိ အို့လမာအဖွဲ့ချုပ်နှင့် ပြည်နယ်များနှင့်တိုင်းများတွင် တည်ရှိနေသော ၎င်း၏အဖွဲ့ခွဲများနှင့် အခြားသောရန်ကုန်မြို့၏အထင်ကရအာလင်မ်ပညာရှင်များကမူ လမမြင်ဟုဆုံးဖြတ်ကြသည်။

ဆုံးဖြတ်ချက်များ၏အခြေခံမှားယွင်းမှုများ

၁။ မြိတ်မြို့၏လထွက်ရပ်ဝန်း ကောင်းကင်ယံတွင် အဖြစ်အမှန် **တိမ်ရှိသည်ကို တိမ်ကင်းစင်သည်ဟု** ပြောဆိုခြင်းတွင် အခြေအနေ(၃)ရပ်အနက် တစ်ခုခုပေါ်တွင် မူတည်နေပေသည်။

(၁)။ လထွက်ရပ်ဝန်း၏အခြေအနေမှန်ကို မသိနားမလည်ခြင်း။

(၂)။ ထိုနေ့ည၏အခြေအနေနှင့် ကိုက်ညီသည့် မတ်စ်အလဟ်ကို မသိနားမလည်ခြင်း။

(၃)။ အကယ်၍ (၁) နှင့် (၂)အတိုင်းမဟုတ်ဘဲ အဖြစ်အမှန်ကို သိလျက်သားနှင့် ဆန့်ကျင်ပြောဆိုဆုံးဖြတ်ခြင်းသည် လိမ်လည်မှုသာဖြစ်သည်။ ထိုလိမ်လည်မှုကိုအခြေခံသော သတင်းစကားတိုင်းသည် ရှရီအသ်တရားတော်ဥပဒေအရ လက်ခံပိုင်ခွင့်မရှိသော ပစ်ပယ်ရမည့် သတင်းစကားသာဖြစ်သည်။

သို့ပါ၍ အဖြစ်အမှန်တိမ်ရှိသည်ကို တိမ်ကင်းစင်သည်ဟု လိမ်လည်မှုကို အခြေခံသည့် ဆုံးဖြတ်ချက်များနှင့် ဟောကြားချက်အားလုံးတို့သည် မှား၏။ လက်ခံကျင့်သုံးပိုင်ခွင့်မရှိပေ။

عن أبي هريرة ﷺ قال: قال النبي ﷺ : من لم يدع قول الزور، والعمل به ، فليس لله حاجة في أن يدع طعامه ، وشرابه .
رواه البخاري ، وأبو داود ، والترمذي ، والنسائي ، وابن ماجه ، وعنده : من لم يدع قول الزور والجهل والعمل به وهو رواية للنسائي
. الترغيب والترهيب (٢/ ٩٣، رقم الحديث: ١٦٤١)

لأن مابُنِيَ على الكذب فهو مردود ، ومطروح ، فلايحتج بحديثهم ، ولا يكتب ،ولا يعتبربه ،كماهواستفيدمن أصول الرواية
. (من نزهة النظر في توضيح نخبة الفكر في مصطلح أهل الأثر ، ص:٥٦، ٥٧) و (تيسير مصطلح الحديث، ص: ٨٣)

အကယ်၍ (၁) နှင့် (၂)တွင်ဖော်ပြခဲ့သော မသိနားမလည်မှုဖြစ်ပါက ယင်းမသိနားမလည် မှုကိုအခြေခံသော ဆုံးဖြတ်ချက်နှင့် ဟောကြားချက်အားလုံးတို့သည်လည်း မှား၍ ရှရီအသ်တရားတော် ဥပဒေအရ လက်ခံပိုင်ခွင့်မရှိသော ပစ်ပယ်ရမည့် ဆုံးဖြတ်ချက်များနှင့်ဟောကြားချက်များသာဖြစ်သည်။

قَالَ تَعَالَىٰ:﴿ قُلۡ هَلۡ يَسۡتَوِي ٱلَّذِينَ يَعۡلَمُونَ وَٱلَّذِينَ لَا يَعۡلَمُونَۗ إِنَّمَا يَتَذَكَّرُ أُوْلُواْ ٱلۡأَلۡبَٰبِ ٩ ﴾ الزمر: ٩

إن جهالة الحكم الشرعي أشد وأخوف وأخطر من جهالة عين الراوي لأنه ضلّ نفسه وأضل الأمة بجهالته كذا قال ابن عبد الرزاق تعليقا على قوله:"الجهالة"التي هي إحدى الأمورالخمسة التي تتعلق بالطعن في العدالة المذكورة في تيسير مصطلح الحديث ص ٥٧.

"ရှရီအသ်တရားတော်က ပြသထားသော (إذا كان بالسماء علة) လထွက်ရပ်ဝန်း ကောင်းကင်ယံတွင် (ဆန်းဦး စလကို ဖုံးကွယ်နိုင်သော) မည်သည့်အကြောင်းခံမဆိုရှိပါက" - ဟူသော သဘောတရားကို (جهالة)အရ စနစ်တကျ နားမလည်ဘဲ တိမ်ကင်းစင်သည်ဟု မိမိသဘောဆန္ဒဖြင့်သော်လည်းကောင်း ၊ အဖွဲ့စွဲလူပုဂ္ဂိုလ်အချို့၏ဖိအားပေးမှု ကြောင့်သော်လည်းကောင်း ပြောဆိုသတင်းပို့ခြင်းသည် ရှရီအသ်တရားတော်အရ လက်ခံပိုင်ခွင့်မရှိသော သတင်းစကား ပင်ဖြစ်သည်။

عن أبي هريرة أن رسول الله صلى الله عليه وسلم قال : من لم يدع قول الزور ، والعمل به ، والجهل ، فليس لله حاجة أن يدع طعامه ، ولا شرابه . (سنن النسائي الكبرى- ترقيم شعيب ٢/ ٢٣٨، رقم الحديث:٣٢٣٢).

إن جهالة الحكم الشرعي أشد وأخوف وأخطر من جهالة عين الراوي لأنه ضلّ نفسه وأضل الأمة بجهالته كذا قال ابن عبد الرزاق تعليقا على قوله:"الجهالة"التي هي إحدى الأمورالخمسة التي تتعلق بالطعن في العدالة المذكورة في تيسير مصطلح الحديث ص ٥٧.

ဆန်းဦးစလသည် အလွန်သေးနုတ်ပါးလွှာသည်။ ယင်းဆန်းဦးစလကို ဖုံးကွယ်နိုင်သည့် အကြောင်းခံသည် ဆန်းဦးစလထက် အနည်းငယ်ကြီးသောသေးနုတ်သည့် တိမ်အစိတ်အပိုင်း သို့မဟုတ် အခြားအကြောင်းခံတစ်ခုခုတည်ရှိခြင်းကို ကင်းစင်သည်ဟုမခေါ်ပေ။ ဤသို့ အနုစိတ်သော သဘောတရားကို နားမလည်ဘဲ ဆန်းဦးစလကို ဖုံးကွယ်နိုင်သည့် အနည်းငယ်မျှ အကြောင်းခံရှိနေသည်ကို မိမိ၏မသိနားမလည်မှုဖြင့်တိမ်ကင်းစင်သည်ဟု ပြောဆိုသတင်းပို့ခြင်းသည် မသိနားမလည်မှုကို အခြေခံသည့် သတင်းစကားဖြစ်၍ လက်ခံပိုင်ခွင့်မရှိဘဲ ပယ်ချရမည်သာဖြစ်သည်။

အခြေခံအမှားပေါ်မှုတည်ထားသည့် ဆုံးဖြတ်ချက်အားလုံးနှင့် ဟောကြားမှုအားလုံးသည်လည်း မှား၏။

ومن القواعد في ذلك: أنه إذا كان المتبوع فاسدًا فسد التابع، ويعبر عنها بعض الفقهاء بقولهم: ما بني على الفاسد فهو فاسد، وما بني على الباطل فهو باطل . (شرح منظومة القواعد الفقهية ، ص: ٧٦)

لأن ما بني على الخطأ فهو خطأ. (رسالة في افتقار إثبات الأحكام للأدلة الصحيحة ، ج١، ص٥).

၂။ မိသားစု (၄)စု လမြင်သည်ကို မိသားစုတစ်စုနှင့် ပုဂ္ဂိုလ်တစ်ချို့ဟု တနင်္သာရီတိုင်းဒေသကြီး အို့လမာအဖွဲ့ ဒုဥက္ကဌက (၂၀၂၁ ၊ မေလ ၊ ၁၂)ရက်နေ့တွင် ကြေညာခြင်းသည် လိမ်လည်သတင်းပို့ ကြေညာခြင်းသာဖြစ်သည်။ ၎င်းကြေညာချက်သည် မှား၏။

(မည်သူမဆို အချိန်မရွေး ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်း။ ၀၉-၂၅၈၁၁၁၄၁၄)
မောင်လာနာ အဗ်ဒုစ္စသွားရ်ဆွာဟစ်ဗ် ၊ မောင်လာနာနဂျ်မွဒ္ဒီးန် ဆွာဟစ်ဗ်၊ မောင်လာနာ အန္ဂရ်ရဖ်

လိမ်လည်သူ၏သတင်းပေးပို့ချက်သည် ရှရီအသ်တရားတော်တွင် ပယ်ရသည့်သတင်း ဖြစ်၍ လက်ခံပိုင်ခွင့်မရှိဘဲ ပယ်ချရမည်သာဖြစ်သည်။

၃။ မောင်လာနာမွဖ်သီဟာသင်မ်ဆွာဟစ်ဗ် မြိတ်မြို့အို့လမာအဖွဲ့မှစေလွှတ်သော လကြည့်အဖွဲ့များအနက် ကမ်းနားအဖွဲ့ခေါင်းဆောင် လကြည့်သွားသောအခါ (၆ နာရီ ၂၉ မိနစ်)မှ (၆ နာရီ ၃၄ မိနစ်)အထိ အနောက်ဘက် ကောင်းကင်ယံ လ ထွက်လေ့ထွက်ထရှိသောနေရာကို ရိုက်ကူးထားသည့် ဓာတ်ပုံမှတ်တမ်းတွင် တိမ်ရှိနေကြောင်း ထင်ရှားပါလျက် ၎င်းနောက် လမြင်သူတို့က တင်ပြခဲ့သော တိမ်ရှိကြောင်းကိုဆန့်ကျင်ပြီး (မြိတ်မြို့၏ရာသီဥတု တိမ်ကင်းစင်မှုအနေအထားများကို)ဟူ၍ ရမ်ဇာန်လ ၂၉ ရက်ညတွင် လိမ်လည်သတင်းပို့ခြင်းနှင့် နောက်နေ့နံနက်တွင် ရှင်းလင်းချက်ထုတ်ပြန်ခြင်းတို့သည် အမှားပေါ်အမှား ထပ်ဆင့်လုပ်ဆောင်ခြင်းသာဖြစ်သည်။

- مراتب الجرح وألفاظها :

(أ) ما دل على التليين: (وهي أسهلها في الجرح) مثل فلان لَيِّنُ الحديث أو فيه مَقال.

(ب) ثم ما صُرِّح بعدم الاحتجاج به وشبهه : مثل فلان لا يحتج به ، أو ضعيف ، أوله مناكير.

(ج) ثم ما صرح بعدم كتابة حديثه ونحوه: مثل فلان لا يكتب حديثه، أو لا تحل الراوية عنه أو ضعيف جداً أو واهٍ بمَرَّةٍ.

(د) ثم ما فيه اتهام بالكذب أو نحوه: مثل فلان متهم بالكذب أو متهم بالوضع، أو يسرق الحديث، أو ساقط، أو متروك أو ليس بثقة.

(هـ) ثم ما دل على وصفه بالكذب ونحوه: مثل كذاب أو دجال أو وضاع أو يكذب أو يضع.

(و) ثم ما دل على المبالغة في الكذب : (وهي أسوأها) مثل فلان أكذب الناس ، أو إليه المنتهي في الكذب ، أو هو ركن الكذب .

٤- حكم هذه المراتب :

(أ) أما أهل المرتبتين الأوليَن فانه لا يُحْتَجُّ بحديثهم طبعاً لكن يكتب حديثهم للاعتبار فقط ، وان كان أهل المرتبة الثانية دون أهل المرتبة الأولي .

(ب) وأما أهل المراتب الأربع الأخيرة فلا يحتج بحديثهم ولا يكتب ولا يعتبر به . (تيسير مصطلح الحديث، ص: ٨٣)

والثاني: يَغْلبُ على الظن كذبُ الخبرِ؛ لثبوتِ كذب ناقله؛ فَيُطْرَح. (نزهة النظر في توضيح نخبة الفكر في مصطلح أهل الأثر ، ص: ٥٧)

والثاني: أن يوجد فيها أصل صفة الرد، ويَغْلب على الظن كذب الخبر؛ لثبوت كذب ناقله فَيُطْرح. (نزهة النظر في توضيح نخبة الفكر في مصطلح أهل الأثر ، ص: ٥٦)

المردود بسبب طعن في الراوي:

أما التي تتعلق بالطعن في العدالة فهي: الكذب ، التهمة بالكذب ، الفسق ، البدعة ، الجهالة (أي : جهالة عين الراوي).

وسأذكر أنواع الحديث المردود بكل سبب من هذه الأسباب على التوالى مبتدئا بالسبب الأشد طعنا ، وهو الكَذِب . (تيسير مصطلح الحديث ، ص: ٧٥)

قال وإذا كان بالسماء علة قبل الإمام شهادة الواحد العدل في رؤية الهلال ، رجلا كان أو امرأة ، حرا كان أو عبدا ، لأنه أمر ديني فأشبه رواية الأخبار ، ولهذا لا يختص بلفظة الشهادة ، وتشترط العدالة ، لأن قول[١] الفاسق في الديانات غير مقبول ، وتأويل قول الطحاوي عدلا كان أو غير عدل أن يكون مستورا ، والعلة غيم أو غبار أو نحوه ، وفي إطلاق جواب الكتاب يدخل المحدود في القذف بعد ما تاب ، وهو ظاهر الرواية ، لأنه خبر ديني ، وعن أبي حنيفة رحمه الله أنها لا تقبل لأنها شهادة من وجه ، وكان الشافعي في أحد قوليه يشترط المثنى ، والحجة عليه ما ذكرنا ، وقد صح أن النبي عليه الصلاة والسلام قبل شهادة الواحد في رؤية هلال رمضان ، ثم إذا قبل الإمام شهادة الواحد ، وصاموا ثلاثين يوما لا يفطرون فيما روى الحسن عن أبي حنيفة رحمه الله للاحتياط ، ولأن الفطر لا يثبت بشهادة الواحد ، وعن محمد رحمه الله أنهم يفطرون ، ويثبت الفطر بناء على ثبوت الرمضانية بشهادة الواحد ، وإن كان لا يثبت بهذا ابتداء ، كاستحقاق الإرث ، بناء على النسب الثابت بشهادة القابلة .

---

١ إن هذه القاعدة ليست بكلية لأن الفقهاء المتأخرين لايقبلونها قاعدة كلية لقول الله عز وجلّ قَالَ تَعَالَى: ﴿ يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ إِن جَآءَكُمۡ فَاسِقُۢ بِنَبَإٖ فَتَبَيَّنُوٓاْ أَن تُصِيبُواْ قَوۡمَۢا بِجَهَٰلَةٖ فَتُصۡبِحُواْ عَلَىٰ مَا فَعَلۡتُمۡ نَٰدِمِينَ ٦ ﴾ الحجرات: ٦ ، ولأن خبر المستور في هذه المسئلة مقبول ، والمستور أدنى من العادل ، فكسرت القاعدة من الكلية إلى الجزئية . وإن شئت أن تعلم البحث تماما في هذه المسئلة فتطالعْ " معين الحُكّام فيما يتردد بين الخصمين من الأحكام " ج٢ ، ص٥٧.

قال : وإذا لم تكن بالسماء علة لم تقبل الشهادة حتى يراه جمع كثير يقع العلم بخبرهم ، لأن التفرد بالرؤية في مثل هذه الحالة يوهم الغلط ، فيجب التوقف فيه حتى يكون جمعا كثيرا ، بخلاف ما إذا كان بالسماء علة ، لأنه قد ينشق الغيم عن موضع القمر(أي : الهلال) ، فيتفق للبعض النظر ، ثم قيل في حد الكثير أهل المحلة ، وعن أبي يوسف رحمه الله خمسون رجلا اعتبارا بالقسامة ، ولا فرق بين أهل المصر ومن ورد من خارج المصر . وذكر الطحاوي أنه تقبل شهادة الواحد إذا جاء من خارج المصر لقلة الموانع وإليه الإشارة في كتاب الاستحسان ، وكذا إذا كان على مكان مرتفع في المصر .

قال : ومن رأى هلال الفطر وحده لم يفطر احتياطا ، وفي الصوم الاحتياط في الإيجاب.

قال : وإذا كان بالسماء علة لم يقبل في هلال الفطر إلا شهادة رجلين أو رجل وامرأتين ، لأنه تعلق به نفع العبد ، وهو الفطر ، فأشبه سائر حقوقه ، والأضحى كالفطر في هذا في ظاهر الرواية وهو الأصح ، خلافا لما روي عن أبي حنيفة رحمه الله أنه كهلال رمضان ، لأنه تعلق به نفع العباد وهو التوسع بلحوم الأضاحي .

وإن لم يكن بالسماء علة لم يقبل إلا شهادة جماعة يقع العلم بخبرهم كماذكرنا.

(الهداية شرح البداية : ١/ ١٢١)

၄။ အို့လမာအဖွဲ့မှ လကြည့်ရန် စေလွှတ်ထားသောအဖွဲ့များ လမမြင်ခဲ့သည့်အတွက် အခြားသူများ လမြင်ခြင်းကို တရားမဝင်ဟု ဆုံးဖြတ်ခြင်းသည် မှား၏။ (ကုရ်အာန်ကျမ်းမြတ်မှ စ၍ အခြားမည်သည့် ကျမ်းတွင်မျှမပါရှိပါ။)

၅။ အာလင်မ်ပညာရှင်များ လကြည့်၍ လမမြင်ဘဲ လူသာမန်တို့၏ လမြင်ခြင်း တရားမဝင်ဟု ဆုံးဖြတ်ခြင်း မှား၏။ (အစ္စလာမ့်တရားတော်တွင် ဤသို့သော မည်သည့်ပညတ်ချက်မျှမရှိပါ။)

၆။ ကာယကံရှင်များကို တိုက်ရိုက်ဆက်သွယ် စစ်ဆေးမေးမြန်းခြင်းမပြုဘဲ ဘေးလူတို့၏သတင်းစကားများဖြင့် ဆုံးဖြတ်ပယ်ချခြင်းသည် (قضاءً အစ္စလာမ့်တရားရေးဥပဒေလမ်းကြောင်းအရသော်လည်းကောင်း ၊ ديانةً အစ္စလာမ့်သာသနာရေးဥပဒေများ၏ရှုထောင့်အရသော်လည်းကောင်း) ကမ္ဘာပေါ်တွင် မည်သည့် အသိဉာဏ်ရှိသူကမျှ လက်မခံသော မှားယွင်းသည့်လုပ်ရပ်ကို လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

၇။ မိမိတို့၏ဆုံးဖြတ်ချက် မှားယွင်းသည်ကို ပြုပြင်ပြောင်းလဲ ပြင်ဆင်ကြေညာရန် အဆင်သင့်မဖြစ်ခြင်းသည် မှားယွင်းသောဝါဒဖြစ်၏။

၈။ တမန်တော်မြတ်(ﷺ)နှင့် ဆွဟာဗဟ်(ﷺ)များသည် မဒီနဟ်မြို့တော်တွင် လကြည့်ခဲ့ပြီး လမမြင်သည့်အတွက် လမမြင်ကြောင်း ဆုံးဖြတ်ပြီးသည့်နောက် မဒီနဟ်မြို့၏အပြင်ရှိ ရွာတစ်ရွာမှ တောသားတစ်ဦးက မိမိလမြင်ခဲ့ကြောင်း တမန်တော်မြတ်(ﷺ)ထံသို့ လာရောက် သတင်းပို့ခဲ့ရာ လိုအပ်သည်များကို မေးမြန်းပြီး မိမိနှင့်ဆွဟာဗဟ်တို့ လမမြင်ခဲ့သည်ဟူသောဆုံးဖြတ်ချက်ကို ပြုပြင်ပြောင်းလဲ ကြေညာတော်မူခဲ့သည်။ (တမန်တော်မြတ်(ﷺ)ထက် သူတို့က ကြီးကျယ်မြင့်မြတ်နေကြလို့လား။)

عن عِكرمَةَ، أنهم شكُّوا في هلالِ رمضانَ مرةً فأرادُوا أن لا يَقُومُوا ولا يَصُومُوا، فجاء أعرابيٌّ من الحرَّة ، فشهد أنه رأى الهِلالَ ، فأُتِيَ به النبيُّ ﷺ ، فقال: "أتَشْهَدُ أنْ لا إلٰه إلا الله ، وأني رسولُ الله؟ " (سنن أبي داود ، ت: الأرنؤوط : ٤/ ٢٨، رقم الحديث:٢٣٤١)

စနစ်တကျစိစစ်မှုမရှိဘဲ အလွယ်တကူပြောတိုင်း ရှရီအသ်ကျောခိုင်းတဲ့ဝါဒကို စဉ်းစားဆင်ခြင်မှုမပြုဘဲ စစ်မှန်သော သာသနာ့ပညာရှင် များ၏လမ်းပြမှုကိုလက်မခံဘဲ မျက်ကန်းမျိုးချစ်များနည်းတူ သက်တမ်းတစ်လျှောက်လုံး ရပ်တည်လုပ်ကိုင်သွားကြ မည်ဆိုပါက ကေ့ယာမသ်နေ့တွင် မုချပျက်စီး ဝမ်းနည်းကြေကွဲဖွယ်အတိနှင့်သာ ကြုံရမည်ကို မှတ်သားကြလေကုန်။

نیم حکیم خطرۂ جان　　　　نیم ملّا خطرۂ ایمان

ဒေါက်တာရမ်းကုကြောင့် အသက်အန္တရာယ်စိုးရိမ်ရပေသည်။ တတ်ယောင်ကား အမည်ခံအာလင်မ်ကြောင့် အီမာန်ပျက်မည်ကို စိုးရိမ်ရပေသည်။

အထူးသတိပေးနှိုးဆော်ချက်

၁၀ ၊ ၆ ၊ ၂၀၂၁ ကြာသပတေး နေ့သည် ရှောက်ဝါလ်လ (၂၉)ရက်နေ့ဖြစ်ပါသဖြင့် ထိုနေ့ နေဝင်ပြီးချိန်တွင် ဇွလ်ကာအ်ဒဟ်လ၏ဆန်းဦးစလကို ကြည့်ရှုကြပါရန်နှင့် ထို့အတူကျန်လစဉ်လတိုင်း၏ ဆန်းဦးစလများကို လစဉ် (၂၉)ရက်နေ့တိုင်းတွင် စနစ်တကျကြည့်ရှုသွားကြပြီး မိမိတို့၏အရပ်ဒေသရှိ အစ္စလာမ်သာသနာ့ပညာရှင် အကြီးအကဲတို့၏ အဆုံးအဖြတ်များကို လက်ခံနာယူ ကျင့်သုံးကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။



မြိတ်မြို့၌ ၂၀၂၁ ခုနှစ် ၊ မေလ ၊ ၁၂ ရက် ည ၆ နာရီ ၂၉ မိနစ်နှင့် ၃၀ မိနစ်တွင် ရှောက်ဝါလ်လ၏ဆန်းဦးစလ ကြည့်စဉ်အခါဝယ် လထွက်ရပ်ဝန်း ကောင်းကင်ယံကို မွဖ်သီဟာသင်မ်ဆွာဟစ်ဗ်က ရိုက်ကူးထားသော ဓာတ်ပုံမှတ်တမ်းဖြစ်ပါသည်။ ယင်းဓာတ်ပုံမှတ်တမ်းတွင် ဆန်းဦးစလကို ဖုံးကွယ်နိုင်သော တိမ်ရှိနေကြောင်း ငြင်းကွယ်မရသော အထောက်အထား အတိအလင်းတွေ့ရှိရပါသည်။

မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်းရှိ အစ္စလာမ်သာသနာ့ပညာရှင်များ

၁။ အလ်ဟာဂျ်မောင်လာနာ မွဖ်သီအစ်ဒွလ်ဟာကီးမ်ဆွာဟစ်ဗ်(ဒုကျောင်းအုပ်- ကန့်ဘလူ)

၂။ အလ်ဟာဂျ်မောင်လာနာ မွဖ်သီအီစာဆွာဟစ်ဗ်(ဆရာဦးကံထွန်း)ရှိက်ခွလ်ဟဒီးစ် (ကန့်ဘလူ)

၃။ အလ်ဟာဂျ်မောင်လာနာ မွဖ်သီအစ်ဒွလ်ဂနီဆွာဟစ်ဗ်(ဆရာဦးကိုဦး) (ကန့်ဘလူ)

၄။ မောင်လာနာမွဖ်သီရှမ်ဆွဒ္ဒီးန်ဆွာဟစ်ဗ်(ဆရာဦးမင်းရွှေ) (ကန့်ဘလူ)

၅။ မောင်လာနာ မွဖ်သီအစ်ဒွလ်ဝါဂျစ်ဒ်ဆွာဟစ်ဗ်(ဆရာဦးခင်မောင်တင်) (ကန့်ဘလူ)

၆။ မောင်လာနာ မွဖ်သီမွိုဟမ္မဒ်ဆွလ်သွာန်ဆွာဟစ်ဗ်(ဆရာဦးကျော်မင်းထွန်း) (ကန့်ဘလူ)

၇။ မောင်လာနာ မွဖ်သီမွိုဟမ္မဒ်အို့ကာရှာပ်ဆွာဟစ်ဗ်(ဆရာဦးဘိုလှိုင်- တယ်ဘိုပင်)

၈။ မောင်လာနာ မွဖ်သီဟာဗီဗွလ္လွာဟ်ဆွာဟစ်ဗ်(ဆရာမောင်ထွန်း- တယ်ဘိုပင်)

၉။ မောင်လာနာ မွဖ်သီ ဆရာဦးခင်မောင်သန်း(ကာဇရုမ်)

၁၀။ မောင်လာနာအို့မရ်ဆွာဟစ်ဗ် (ကန်းကုန်း)

၁၁။ မောင်လာနာ မွဖ်သီဆရာကျော်ထွန်း(ဘူးကြီးရွာ)

၁၂။ မောင်လာနာ မွဖ်သီကိုလင်း(ဘူးကြီးရွာ)

၁၃။ မောင်လာနာ အောင်သူရကျော်

၁၄။ မောင်လာနာ ဇော်မင်းဦး

၁၅။ မောင်လာနာ မွဖ်သီဇရှီဗွလ္လွာဟ်ဆွာဟစ်ဗ်